# အကြံပြုစာကောင်းဘယ်လိုရေးမလဲ

UPR သည် အစီရင်ခံစာသုံးခုအပေါ်အခြေခံထားသည်။ နိုင်ငံအစိုးရကတင်သွင်းသောအစီရင်ခံစာ၊ နိုင်ငံနှင့်ပတ်သက်သည့် ကုလသမဂ္ဂသတင်းအချက်အလက်၊ NGOs, NHRIs၊ လူ့အခွင့်အရေးကာကွယ်ရေးသမားများနှင့် အခြားစိတ်ဝင်စားသူများက ရေးသားတင်သွင်းမှုများကို အခြေခံထားသည့် အခြားသက်ဆိုင်ပတ်သက်သူများ၏ အကြံပြုချက်အနှစ်ချုပ်များတို့ဖြစ်သည်။ ယခုစာတမ်းတွင် အနှစ်ချုပ်နှင့်အတူ တင်သွင်းစာကိုမည်သို့အကောင်းဆုံးရေးမည်နည်းဆိုသည်ကို ဖော်ပြထားသည်။

## NGO တင်သွင်းစာဆိုတာ ဘယ်လိုမျိုးလဲ

NGO အဖွဲ့တစ်ဖွဲ့ သို့မဟုတ် NGO အဖွဲ့များစုပေါင်းထားသည့် အဖွဲ့တစ်ဖွဲ့က ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများကို UPR (States under Review or SuRs) သို့ ရေးသားတင်သွင်းနိုင်သည်။

နိုင်ငံကအဖွဲ့ဝင်အဖြစ် ဝင်ရောက်ထားသော နိုင်ငံတကာသဘောတူညီချက် သို့မဟုတ် ကွန်ဗင်းရှင်း၊ ကုလသမဂ္ဂပဋိဉာဉ်၊ UNDHR နှင့် အခြားလူ့အခွင့်အရေးဆိုင်ရာ သဘောတူညီချက်များ၊ ကြေညာစာတမ်းများ၊ နိုင်ငံက အသိစိတ်ရှိရှိဖြင့် လိုက်နာဆောင်ရွက်မှုများနှင့် နိုင်ငံတကာလူသားချင်းစာနာထောက်ထားရေးဆိုင်ရာ ဥပဒေများကို အသုံးပြုခြင်းစသည်တို့နှင့် ပတ်သက်သည့် ကိစ္စရပ်များကို ရေးသားနိုင်သည်။

## NGO က ဘာကြောင့် ရေးသားတင်သွင်းမှုပြုသင့်သလဲ

NGO ၏ အကြံပြုတင်ပြမှုသည် UPR အရထွက်ပေါ်လာသော အစီရင်ခံစာ- အလုပ်အဖွဲ့အစီရင်ခံစာတွင် မိမိအဖွဲ့အစည်း၏ အကြံပြုချက်များပါဝင်စေရန် အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။ ယင်းသို့ပါဝင်သူများသည် SuR ပါ လူ့အခွင့်အရေးကိစ္စရပ်များကို အပြည့်ဝဆုံးနားလည်မှုရစေသည်။

တင်သွင်းမှုများကို OHCHR လမ်းညွှန်ချက်များနှင့်အညီ စုစည်းပြီး OHCHR ဝဘ်စာမျက်နှာတွင် တင်သည်။ ယုံကြည်ကိုးစားထိုက်သည့်အချက်အလက်များဖြစ်လျှင် OHCHR က စုစည်းသော သက်ဆိုင်ပတ်သက်သူများသတင်းအချက်အလက်တွင် ပါဝင်မည်ဖြစ်သည်။

SuR ကလက်ခံမည့် စုစည်းပေးထားသော ယင်းတို့၏ အကြံပြုချက်များတွင် ဖော်ပြထားသော ကိစ္စရပ်များကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ထောက်ခံကြပေမည်။

## အကြံပြုစာကောင်းတစ်ခုသည်

- တစ်ဖွဲ့ချင်းအတွက် အများဆုံးစကားလုံး ၂၈၁၅ လုံး နှင့် ပူးတွဲတင်ပြလျှင် ၅၆၃၀ လုံး
- ပြည့်စုံသော အင်္ဂလိပ်၊ ပြင်သစ် သို့မဟုတ် စပိန်ဘာသာစကားဖြင့် ရေးသားရေးမည်။
- OHCHR[1] ၏ နည်းနာပိုင်းဆိုင်ရာလမ်းညွှန်ချက်များကို လေးစားရမည်။
- သက်ဆိုင်ပတ်သက်သူများ၏ သတင်းအချက်အလက်ဆိုင်ရာ UHCHR အနှစ်ချုပ်တွင်ဖော်ပြထားသည့် ခေါင်းစဉ်အတိုင်း သုံးပါ။
- ယခင်ကလက်ခံထားသည့် အကြံပြုချက်များကို သင့်လျော်စွာအကောင်ထည်ဖော်ပြီး၊ မပြီး ဖော်ပြပါ။
- လွန်ခဲ့သည့် ၄-၅ နှစ်က စိုးရိမ်ခဲ့ရသည့် သော့ချက်ကျသော လူ့အခွင့်အရေးကိစ္စရပ် ၅ ခုမှ ၁၀ ခုအထိ ဦးစားပေးဖော်ပြပါ။
- သော့ချက်ကျသော ကိစ္စရပ်အသီးသီးတွင်

  က. ကိစ္စရပ်ကို အဓိပ္ပာယ်သတ်မှတ်သည့် ယေဘုကျဖော်ပြချက်

  ခ. ဖော်ပြချက်ကို ခိုင်မာမှုကိုပြသသည့် ဥပမာများ

  ဂ. စမတ်ကျသော အကြံပြုချက်များ

- လူ့အခွင့်အရေးနှင့် နိုင်ငံလုံးဆိုင်ရာ ဥပဒေစံချိန်စံညွှန်းများကို ရည်ညွှန်းပြီး ပရော်ဖက်ရှင်နယ်နှင့် နည်းနာပိုင်းဆိုင်ရာ ဘာသာစကားကိုသုံးပါ။

---

[1] http://www.ohchr.org/HRBodies/UPR/TechnicalGuideEN.pdf

***For more information:***

OHCHR website: http://www.ohchr.org/EN/HRBodies/UPR/Pages/BasicFacts.aspx,

UPR info Website: http://upr-info.org/

Right Child connect website: http://www.childrightsconnect.org/connect-with-the-un-2/universal-periodic-review/

- ➢ နိုင်ငံ၏ အောင်မြင်မှုများ၊ အကောင်းဆုံးအလေ့အထများ၊ စိန်ခေါ်မှုများနှင့် အကန့်အသတ်များနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ထည့်ပါ။
- ➢ ကိုယ်တွေ့ကြုံရသည့် သတင်းအချက်အလက်များ အပေါ် ခြေခံပါ (NGO အတွေ့အကြုံများနှင့် အချက်အလက်များမှ ဥပမာများကို အသုံးပြုခြင်း)
- ➢ တင်ပြမှုများကို အွန်လိုင်းတင်မည်ဖြစ်သောကြောင့် လျှို့ဝှက်ကိစ္စရပ်များနှင့်ပတ်သက်ပြီး သိသာထင်ရှားသောသတင်းအချက်အလက်ကို မထည့်ပါနှင့်။
- ➢ ထည့်သွင်းစဉ်းစားစရာမလိုသည့် ပုံများ သို့မဟုတ် မြေပုံများမထည့်ပါနှင့်။

**တစ်ဖွဲ့ချင်းလား၊ ပူးတွဲလား**

**ပူးတွဲတင်သွင်းခြင်း**

- ➢ OHCHR အနှစ်ချုပ်အစီရင်ခံစာတွင်ပါဝင်ခွင့်များနှင့် မြင်သာမှု၊ ယုံကြည်စိတ်ချရမှု တိုးပွားစေခြင်း
- ➢ ရင်းမြစ်များကို မျှဝေသုံးသဖြင့် စရိတ်သက်သာပြီး နောက်ဆက်တွဲမူဝါဒပိုင်းဆိုင်ရာစည်းရုံးလှုံ့ဆော်မှုကို ညှိနှိုင်းဆောင်ရွက်နိုင်ခြင်း
- ➢ အရပ်ဘက်အဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာခြင်း
- ➢ တင်ပြမှုသည် ပိုမိုရှည်ကြာနိုင်သဖြင့် သော့ချက်ကျသောကိစ္စရပ်များကို ပိုမိုနက်ရှိုင်းစွာဦးတည်နိုင်ခြင်းနှင့် တင်သွင်းသည့် NGO အားလုံး၏ ကျွမ်းကျင်မှုကို ထင်ဟပ်နိုင်ခြင်း
- ➢ နိုင်ငံလုံးအဆင့်နှင့် ဂျီနီဗာတွင် မူဝါဒပိုင်းဆိုင်ရာ စည်းရုံးလှုံ့ဆော်မှုဆောင်ရွက်ခြင်း

**တစ်ဖွဲ့ခြင်းတင်သွင်းခြင်း**

- ➢ စာသားများကို အခြားအဖွဲ့များကသုံးသပ်ရန်မလိုသည့်အတွက် အမြန်ပေးပို့နိုင်သည်။
- ➢ မိမိအဖွဲ့၏ သော့ချက်ကျသောကိစ္စရပ်များကို ဦးတည်နိုင်
- ➢ မိမိအဖွဲ့အား OHCHR က သိရှိပြီး လေးစားသမှုရှိလျှင် ပိုပြီး ထိရောက်နိုင်

မှတ်ချက်၊ ။ရွေးစရာမလိုပါ။ တစ်ဖွဲ့တည်းလည်း တင်နိုင်ပါသည်။ အခြားအဖွဲ့များနှင့်လည်း ပေါင်းတင်နိုင်ပါသည်။ မိမိသဘောသာဖြစ်သည်။

## အကြံပြုချက်ပေးပို့ခြင်း

OHCHR "on-line UPR submissions System" တွင် ဝင်ပြီး တင်ရမည်ဖြစ်သည်။

သတ်မှတ်ထားသည့်ကာလအတွင်း တင်သွင်းရမည်ဖြစ်ပြီး[2] နိုင်ငံအနေဖြင့် ၎င်း၏ အစီရင်ခံစာမတင်သွင်းမီ တင်သွင်းရမည်ဖြစ်သည်။

တင်သွင်းမှုသည် OHCHR ၏ နည်းနာပိုင်းဆိုင်ရာ လမ်းညွှန်ချက်များနှင့် ကိုက်ညီလျှင် OHCHR ဝဘ်စာမျက်နှာတွင် ဖော်ပြသွားမည်ဖြစ်သည်။

*Compiled by:* DEMOCRACY REPORTING INTERNATIONAL

---

[2] See http://www.ohchr.org/EN/HRBodies/UPR/Pages/NewDeadlines.aspx

***For more information:***

OHCHR website: http://www.ohchr.org/EN/HRBodies/UPR/Pages/BasicFacts.aspx,
UPR info Website: http://upr-info.org/
Right Child connect website: http://www.childrightsconnect.org/connect-with-the-un-2/universal-periodic-review/